ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၀)

(Village Development Project)

မောက်တောင်းကျေးရွာအုပ်စု၊ နားလွယ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားလွယ်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နားလွယ်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	နားလွယ်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လာ:ရှိုးမြို့နယ်	၇
	နားလွယ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နားလွယ်ကျေးရွာ
လားရှိုးမြို့နယ်


နားလွယ်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



နားလွယ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



နားလွယ်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်မတို့ နားလွယ်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်တွင် တည်ရှိပါသည်။ လားရှိုးမြို့၏ အရှေ့ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၁၇)မိုင်ခန့် ကွာဝေးပါသည်။ နားလွယ်ကျေးရွာ၏ အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများ ရှိပြီး အနောက်တွင် ရေထွက်ဦး၊ တောတောင်နှင့်သစ်တောများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၈)ဧက၊ ယာမြေ/တောင်ယာမြေ(၆၈၁)ဧကနှင့် ဥယျာဉ်ခြံမြေ(၁၃.၃၅)ဧက စုစုပေါင်း(၇၂၂.၃၅)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ **ကျွန်မတို့ကျေးရွာတွင် သစ်တောများပြုန်းတီးမှုကြောင့် ဆေးဖက်ဝင်အပင်များ အလွန်ရှားပါးပါသည်။ သဘာဝအတိုင်းတွေ့ရှိနိုင်မှု မရှိပါ။ သဘာဝတောတွင်းတိရစ္ဆာန်များ မရှိပါ။ကျွန်မတို့ကျေးရွာတွင် မြစ်ချောင်းကြီးများ မရှိပါသဖြင့် ကျောက်၊ သဲ၊ ကျောက်စရစ်များကို မရရှိနိုင်ပါ။**

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

နားလွယ်ကျေးရွာတွင် ရှမ်းလူမျိုးများ အများစု နေထိုင်ကြပါသည်။ အိမ်ထောင်စု (၇၄) အိမ်ရှိပြီး လူဦးရေစုစုပေါင်း(၃၁၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၄၇)ယောက်၊ မ (၁၇၁)ယောက် စုစုပေါင်း(၃၁၈) ယောက် ရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၇)ယောက်၊ မ (၁)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၁၁)ယောက်၊ မ(၂၀)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၉)ယောက်၊ မ(၂၀)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၆) ယောက်၊ မ(၁၀)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၉၇)ယောက်၊ မ (၁၁၁)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၇)ယောက်၊ မ (၉)ယောက်ရှိပါသည်။ နို့စို့အရွယ် ကလေးများကို မောက်တောင်းကျေးရွာရှိ ကျန်းမာရေးဝန်ထမ်းများမှ ကာကွယ်ဆေးပုံမှန် လာထိုးပေးပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်

ကြ ပါသည်။ အမျိုးသားများသည် စိုက်ပျိုးရာသီပြီးချိန်တွင် လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကလေးမရှိသလောက်ရှားပါးပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်မတို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော အိမ်ထောင်စု (၇၄) စုရှိပြီး၊ မိသားစုဝင် လုပ်အား (၁၅၇)ဦး ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၈)ဧက၊ ယာမြေ/တောင်ယာမြေ(၆၈၁)ဧကနှင့် ဥယျာဉ်ခြံမြေ(၁၃.၃၅)ဧက စုစုပေါင်း (၇၂၂.၃၅)ဧကရှိပါသည်။ **နွေရာသီတွင် ဖရဲကို စိုက်ပျိုးပြီး မိုးရာသီတွင် ပြောင်း၊ နှမ်း၊ မြေပဲ၊ စပါး တို့ကို စိုက်ပျိုးပါသည်။ မျိုးစေ့များကို လားရှိုးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။** စိုက်ပျိုးရာတွင် ချောင်းရေကို အဓိကထားပြီး စိုက်ပျိုးပါသည်။ ပြောင်းမျိုးစေ့များကို လားရှိုးမြို့မစျေးတွင် ဝယ်ယူ၍ စိုက်ပျိုးကြပါသည်။ မြေဩဇာအဆမတန်သုံးစွဲမှုကြောင့် မြေဆီပျက်စီးမှု၊ ခမ်းခြောက်မှုများ ရှိလာပါသည်။

ကျွန်မတို့ နားလွယ်ကျေးရွာ၏ (၉.၄၆%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည်(၅.၄၁%) ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် (၈.၁၀%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေ လုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည်(၄၅.၉၅%)ခန့် ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧကအထက် ရှိသော အိမ်ထောင်စုသည်(၃၁.၀၈%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှု ဧက များပါသည်။

ကျွန်မတို့ နားလွယ်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများ ကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုးဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်သော သူများကို အလယ်အလတ် သတ်မှတ်ပါသည်။ ကိုယ်ပိုင်မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်းလုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီးများရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည် ဟု ယူဆသည်။

ကျွန်မတို့ နားလွယ်ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦး လျှင် အများဆုံး(၈၀၀၀)မှ (၆၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၅၀၀၀)မှ အနည်းဆုံး(၄၀၀၀)ထိ ပေးရပါသည်။ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများအတွက် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦး လျှင် အများဆုံး(၁၀၀၀၀)မှ (၇၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၇၀၀၀)မှ အနည်းဆုံး(၆၀၀၀)ထိ ပေးရပါသည်။ **ကျေးရွာမှ သတ်မှတ်ထားသော အလုပ်လုပ်ချိန်မှာ နံနက် (၈:၀၀)နာရီလုပ်ငန်းစပြီး နေ့လည် (၁၂:၀၀)မှနေ့လည် (၁:၀၀)သည် ထမင်းစားချိန်ဖြစ်ပြီး ညနေ (၄:၀၀)ထိကို တစ်ရက်တာ သတ်မှတ်ပါသည်။**လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီး များထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့ကျေးရွာတွင် တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေးများ ဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဥက်ဖျားရောဂါ၊ တိဖွိုရောဂါ ဖြစ်ပွားမှုအနည်းငယ် ခံစားရလေ့ ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ သီးနှံများ စိုက်ပျိုးချိန် တွင် မြေဩဇာများ ပိုမိုသုံးစွဲရသောကြောင့် မြေဆီလွှာ ခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါ သည်။ ဆောင်းရာသီတွင် မိုးရွာလျှင် အအေးလွန်ကဲခြင်းစသည်တို့ဖြစ်လေ့ရှိပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန် ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများ ဖြစ်တတ်သည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုသည် ခင်ပွန်းဆုံးပါး၍ မိသားစုကို တစ်ဦးတည်းဦးဆောင်ပြီး သားသမီးကို ပညာသင်စေ၍ စားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေရပါသည်။ မူးယစ်ဆေးဝါးများ လွယ်ကူစွာဝယ်ယူရရှိနိုင်သောကြောင့် ဆေးစွဲသူ အလွန်ပင်များပြားလှပါသည်။ **မူးယစ်ဆေးဝါးသုံးစွဲသူများသည် လူငယ်သာမက လူကြီးများ လည်း သုံးစွဲနေကြသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၁၇ အိမ် ရှိပါသည်။ တောင်ယာလုပ်ငန်း တစ်ခုတည်းကိုသာ ဦးတည်လုပ်ကိုင်သောကြောင့် ဆင်းရဲသော တောင်သူ များရခြင်း ဖြစ်သည်။ ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင် ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက် သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။**

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ဆယ်အိမ်မှူးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးဦးဆောင်အဖွဲ့နှင့် လူငယ်အဖွဲ့တို့ဖြစ်ပါသည်။ ကျွန်မတို့ ကျေးရွာရှိ အုပ်ချုပ်ရေး အဖွဲ့ကို ကျား(၅)ယောက်၊ မ(၂)ယောက်ဖြင့် ဖွဲ့စည်းထားပါသည်။ အုပ်ချုပ်ရေး အဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ရွာသူရွာသားများ လိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးလက်တောရွာဖြစ်သောကြောင့် လူပ်ရှားသွားလာနိုင်သော အမျိုးသားများကို အဓိကအဖွဲ့ဝင်နေရာပေးရကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

ကျွန်မတို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း (၂)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ Care Myanmarနှင့် ဗွီးရှင်းဖန်းအဖွဲ့တို့ဖြစ်ပါသည်။ Care Myanmar အဖွဲ့သည် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ လာရောက်လုပ်ဆောင်ခြင်း၊ အိမ်သာသုံးပစ္စည်း များ လာရောက် လှူဒါန်းပေးခြင်း၊ ချေးငွေများကို အတိုးနှုန်း (၂%)ဖြင့် ချေးပေးခြင်းများ ဆောင်ရွက် ပေးပါသည်။ ဗွီးရှင်းဖန်းအဖွဲ့မှလည်း ချေးငွေများကို အတိုးနှုန်း (၂%)ဖြင့် ချေးပေးခြင်းများ ဆောင်ရွက် ပေးပါသည်။ အာမခံပစ္စည်းအဖြစ် အိမ်ထောင်စုနှင့် မှတ်ပုံတင်ပါရသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ နားလွယ်ကျေးရွာ၏ (၉.၄၆%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည်(၅.၄၁%) ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် (၈.၁၀%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေ လုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည်(၄၅.၉၅%) ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧက အထက်ရှိသော အိမ်ထောင်စုသည်(၃၁.၀၈%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှု ဧကများပါသည်။

ကျွန်မတို့ နားလွယ်ကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း(၇၂၂.၃၅)ဧကရှိပြီး မစိုက်ပျိုးပဲ ထားသော မြေလွတ်မြေလပ်မရှိပါ။ နားလွယ်**ကျေးရွာ၏ လယ်မြေ မြေဆီလွှာ အရည်အသွေး မှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်း**

ကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။ ကျွန်မတို့ရွာတွင် အများအားဖြင့် ကိုယ်ပိုင်လယ်မြေများ ရှိကြပါသည်။ အများဆုံးပိုင်ဆိုင်သည့် မြေကေမှာ ၁၅ ဧက မှ ၂၀ ဧကအထိ ရှိပါသည်။ အနည်းဆုံးပိုင်ဆိုင်သော မြေကေမှာ ၁ ဧက ရှိပါသည်။

ကျွန်မတို့ နားလွယ်ကျေးရွာတွင် ပြောင်းနှင့်စပါးကို အဓိကစီးပွားဖြစ်စိုက်ပျိုးကြပါသည်။ **ကျွန်မတို့ကျေးရွာတွင် စိမ့်စမ်းရေကို တောင်ပေါ်မှ ပိုက်လိုင်းသွယ်ပြီး ရွာအထိ ရေကန်လုပ်ပြီး ရေခံထားပါသည်။ နွေရာသီ ရေမလုံလောက်ချိန်တွင် ချောင်းရေကိုလည်း အသုံးပြုပါသည်။ သို့သော်လည်း ချောင်းရေသည် မိုးရွာလျှင် ရေနောက်သောကြောင့် အသုံးမပြုနိုင်ပါ။**စပါး အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၃၀)တင်းထွက်ပြီး၊ ပြောင်းအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀)ပုံး ထွက်ပါသည်။စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ နိုဝင်ဘာလ အထိဖြစ်ပြီး အမြတ်ရရှိမှုမှာ နည်းပါသည်။ **မြေယာများသည် မြေဆီ မကောင်းသော သီးနှံများ စိုက်ပျိုးချိန်တွင် မြေဩဇာများနှင့် စိုက်ရပါသည်။ ချေးငွေများကို Care Myanmar၊ ဗွီးရှင်းဖန်းနှင့် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် ချေးယူ၍ ရနိုင်ပါသည်။ သွင်းအားစုများဖြစ်သည့် မျိုးစေ့နှင့် မြေဩဇာများကို လားရှိုးမြို့မဈေးတွင် ဝယ်ယူနိုင်ပါသည်။ အမြတ်ရရှိနိုင်မှု မှာ သီးနှံဈေးကွက်အလိုက် အတက်အကျပေါ် မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့် မှာ ထင်သလောက် အမြတ် မရရှိကြပေ။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၈)စီး၊ လက်တွန်းထွန်စက် (၆၆)လုံး၊ ရိတ်သိမ်းခြွေလှည့်စက်(၂၅)ခု၊ ရေစုပ်စက်(၆)ခုရှိ ခုရှိပြီး လိုအပ်သော စက်ကိရိယာများကို အသိမိတ်ဆွေများထံတွင် ငှားရမ်းလုပ်ကိုင်ကြပါသည်။**

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကို မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၆)အိမ်ရှိပြီး နွားကောင်ရေ (၁၁)ကောင်၊ အိမ်ထောင်စု(၄)အိမ်မှ ကျွဲ(၈)ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ ဝက်(၆)ကောင်၊ အိမ်ထောင်စု(၃၅)အိမ်မှ ကြက်(၃၆၂)ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ ဘဲ(၄)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ **ကြက်၊ ဝက်များကို တပိုင်တနိုင်အဖြစ် သော်လည်းကောင်း၊ အိမ်စားသုံးရန်အတွက်သော် လည်းကောင်း မွေးမြူကြပါသည်။ စီးပွားဖြစ် မွေးမြူခြင်း မရှိပါ။ တိရစ္ဆာန်များကို ကြိုတင်ကာကွယ်ဆေးများ ထိုးနှံမှုမရှိပါ။ ရေအိုင် မရှိသောကြောင့် ငါးမွေးမြူနိုင်ခြင်း မရှိပါ။**

ကျေးရွာအတွင်းရှိ နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဘဲများအတွက် လိုအပ်သော ဆေးဝါးနှင့် အစားအစာ များကို မြို့နှင့်အလှမ်းမဝေးသဖြင့် လားရှိုးမြို့မဈေးဌာနသာ ဝယ်ယူရရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် စားကျက်မြေသီးသန့်မရှိပါ။ မွေးမြူရာတွင် အိမ်ခြံဝင်း အတွင်း မြေနေရာ လုံလောက်မှုမရှိခြင်း၊ **စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံးရေရရှိသော်လည်း ရေအားနည်း ပါးသောကြောင့် မွေးမြူရန် ရေမလုံလောက်ခြင်းတို့ကြောင့် မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင်သူမရှိပါ။** မွေးမြူရေးနှင့်ပတ်သက်၍ နည်းပညာဝန်ဆောင်မှုများ မရရှိပါ။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျွန်မတို့ နားလွယ်ကျေးရွာ၌ စိုက်ပျိုးရာသီပြီးချိန်တွင် ရွာတွင်း၌ ပန်းရံ၊ လက်သမား လုပ်ငန်းများ အခြားဒေသများသို့ တောင်ယာအဌားလိုက်၊ လယ်စိုက်၊ လယ်သိမ်း၊ ဖရဲစိုက်ခြင်း လုပ်ငန်းများ၌ တောင်ယာနေ့စား အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။ နားလွယ်ကျေးရွာသည် လားရှိုးမြို့နှင့်(၁၇)မိုင်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ **ကျေးလက်ဦးစီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ရရှိထားသော ဆိုလာမီးများကို အသုံးပြုကြပါသည်။ အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု မရရှိရခြင်းမှာ** ကျေးရွာတွင် ပညာတတ် လူတန်းစား နည်းပါးသောကြောင့် ဖြစ်သည်။

ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်၍ အခြားလုပ်ငန်း လုပ်ကိုင်ရန် မရှိပါ။ ဒေသထွက်ကုန်များ ရောင်းချရန် ဈေးကွက်နှင့်အသိအမြင်များမရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါး ပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျက် ရှိသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်မတို့ကျေးရွာတွင် ချေးငွေများကို ဗွီရှင်းဖန်း၊ Care Myanmar နှင့် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် ချေးယူရရှိပါသည်။ ငွေစုငွေချေးအစီအစဉ်ဖြစ်သော ဗွီရှင်းဖန်းထံတွင် အတိုးနှုန်း (၃%)ဖြင့်လည်းကောင်း၊ Care Myanmar အဖွဲ့ထံတွင် အတိုးနှုန်း(၂%)ဖြင့်လည်းကောင်း ချေးယူရရှိ နိုင်ပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများထံတွင်လည်း အတိုးနှုန်း ၅%ဖြင့် ချေးပေးပါသည်။ အပေါင်ခံ ပစ္စည်းလိုအပ်ပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာတွင်မော်တော်ဆိုင်ကယ်(၈၄)စီးနှင့်သုံးဘီးဆိုင်ကယ်(၁၃)စီးစသည်တို့ကို သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုကြပါသည်။

ကျွန်မတို့ကျေးရွာ၏ ရွာတွင်းလမ်းသည် ကျောက်ခင်းလမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး သွားလာနိုင်သော်လည်း မိုးရာသီတွင် ရေတိုက်စားခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်ခြင်းများရှိပါသည်။ ကျွန်မတို့ကျေးရွာတွင် **အလျား ၇၀ ပေ၊ အနံ ၆ ပေ ရှိသည့် သစ်သားတံတား(၁)စင်းရှိပါသည်။ အဆိုပါ တံတားတည်ဆောက်ခဲ့သည်မှာကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တစ်နှစ်ပတ်လုံးသွားလာရ အဆင်ပြေပါသည်။ သစ်သားတံတားမှာ သေးငယ်သောကြောင့် ကားများ ဖြတ်သန်းသွားလာရန်ခက်ခဲပြီး လူနှင့် ဆိုင်ကယ်များသာ ဖြတ်သန်းသွားလာရလွယ်ကူပါသည်။** ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း မရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ကျေးရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးထားသော ဆိုလာဘက်ထရီမီးများကိုသာ အသုံးပြုကြပါသည်။ ပြုပြင်ထိန်းသိမ်းရေးစနစ်လည်းကောင်း**ပါသည်။ အခက်အခဲမရှိပါ။**

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

နားလွယ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်းအလုံး(၈၀)လုံးမှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း များမရှိသောကြောင့် သတင်းအချက်အလက်များကို မသိရှိနိုင်ပါ။

၇။ ပညာရေး

ကျွန်မတို့ နားလွယ်ကျေးရွာတွင် မူလတန်းကျောင်း မရှိသောကြောင့် မောင်တောင်းကျေးရွာအလယ်တန်းကျောင်းတွင် သွားရောက်၍ ပညာသင်ယူရပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့် ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ **အထက်တန်းကျောင်းကို လားရှိုးမြို့သို့ တက်ရောက်ရပါသည်။**

ကျွန်မတို့ နားလွယ်ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၄၄)၊ မ(၇၄)ဦး၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၆၈)၊ မ(၄၉)ဦး၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၁၂)၊မ(၁၅)ဦးနှင့် အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၅)၊ မ(၁၂)ဦးရှိပါသည်။ ကျွန်မတို့ကျေးရွာတွင် စာမတတ်သူဦးရေများရခြင်းမှာ ငွေကြေးခက်ခဲခြင်း၊ မိဘများ ကပညာရေးကို ဦးစားမပေးခြင်းတို့ကြောင့် ဖြစ်သည်။ ကျွန်မတို့ကျေးရွာတွင် (၆)နှစ်ပြည့်လျှင် မူလတန်း အဆင့်ပညာကို အိမ်တိုင်းရှိ ကလေးများ အားလုံးသင်ယူ

နိုင်ပါသည်။ တက္ကသိုလ် /ကောလိပ်များသို့ **တက်ရောက်နိုင်မှု မရှိရခြင်းမှာ အသိမိတ်ဆွေ နည်းပါး ခြင်း၊ မြို့တွင်နေထိုင်ရန် ငွေကြေးခက်ခဲခြင်း စသည်တို့ကြောင့် နည်းပါးရခြင်း ဖြစ်သည်။ ဘိုးဘွား လက်ထက်မှစ၍ ကလေးများသည် တောတောင်များတွင်သာ အနေများသောကြောင့် ပညာရည် နည်းပါးရခြင်းဖြစ်သည်။ အထက်တန်းတက်ရောက်နိုင်သူများမှာ ကနဦး၌ မြို့တွင် နေထိုင်သောသူ များ ဖြစ်သည်။**

ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် အများအားဖြင့် အထက်တန်းပညာ၊ တက္ကသိုလ်၊ ကောလိပ်ကို သင်ကြားရန် ညီကိုမောင်နှမ များခြင်း၊ မြို့ပေါ်၌ အသိဆွေမျိုးများမရှိခြင်း၊ နေစာရာ အိမ်များ မရှိခြင်း၊ တချို့မိဘများသည် နေ့စားအလုပ်နှင့်မိသားစုကို ကျွေးမွေးပြုစုရသောကြောင့် ကလေးအတွက် ကျောင်းစရိတ်ကို လုံလောက် စွာမပေးနိုင်ခြင်းများကြောင့် တက္ကသိုလ်/ကောလိပ်များ သို့ တက်ရောက်နိုင်သူ နည်းပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ကျေးရွာတွင် ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင် စားသုံးခြင်းမရှိခြင်းတို့ကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုအနည်းငယ်ခံစားကြရပါသည်။ **နွေရာသီ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ အနည်းငယ်ဖြစ်ပွားပြီး မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းများကြောင့် ငှက်ဖျားရောဂါအနည်းငယ်ခံစားကြရပါသည်။သို့သော် ကျန်းမာရေး ဌာနမှ ခြင်ဆေးများ ဖြန်းပေးခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါ ပြန့်ပွားမှု နည်းပါသည်။** HIV,AIDS, လိင်မှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါများ မရှိပါ။

မောက်တောင်းကျေးရွာအုပ်စုရှိ **ကျေးလက်ကျန်းမာရေးဝန်ထမ်းများမှ ဆုံဆို၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါများ၊ ပိုလီယိုကာကွယ်ဆေးများကို ပုံမှန်ထိုးပေးမှုများရှိပါသည်။ ကျေးရွာတွင် ကလေးရှိသော အိမ်တိုင်းများမှလည်း ကာကွယ်ဆေးကို ပုံမှန်ထိုးနှံကြပါသည်။ ကာကွယ်ဆေး မထိုးနှံသော အိမ်ထောင်စုများ မရှိပါ။**

ကျွန်မတို့ကျေးရွာသည် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါ သည်။ **စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံးရေရရှိသော်လည်း မိုးရာသီတွင် မိုးအဆက်မပြတ်ရွာသွန်းလျှင် ပိုက်အတွင်းသို့ သဲများ၊ ရွှံ့များ ဝင်သောကြောင့် သန့်ရှင်းသော သောက်သုံးရေကိုမရရှိပါ။ ကျွန်မတို့ ကျေးရွာတွင် ရေတွင်းကို တစ်ရွာလုံးအသုံးမပြုပါ။ ချောင်းရေကိုသာ တစ်ရွာလုံး အသုံးပြုကြပါ သည်။** ကျွန်မတို့ကျေးရွာတွင် **ကျေးလက်ဆေးပေးခန်း၊ ဆရာ/မများ၏ ဟောပြောချက်များကြောင့် အိမ်တိုင်းတွင် သန့်ရှင်းသောရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲကြပါသည်။**

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်မတို့ ကျေးရွာတွင် မြေဩဇာစနစ်တကျသုံးစွဲမှုမရှိသောကြောင့် မြေဆီပျက်စီးမှု၊

ခမ်းခြောက် မှုများ ရှိလာပါသည်။ သစ်ပင်များ ခုတ်လဲမှုများ၍သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများ သောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှု အန္တရာယ်များ ဖြစ်လာနိုင်ပါသည်။ **ကိုင်းကျွန်းမြေ မရှိသောကြောင့် ဆေးဖက်ဝင်အပင်များ မစိုက်ပျိုးနိုင်ပါ။ ဖျက်ပိုးကျသော်လည်း အသိပညာဗဟုသုတနည်းပါးသောကြောင့် မနှစ်က ဆုံးရှုံးမှုများ ရှိခဲ့သည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မရှိသော်လည်း အမှိုက်သရိုက်များကို စနစ်တကျ စု၍ မီးရှို့ပစ်ကြပါသည်။**

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာတွင် **မိန်းကလေးများသည် အိမ်မှုကိစ္စကိုသာ လုပ်ရမည်ဟူသော လူကြီးများ၏ ရှေ့ရိုးစွဲမူဝါဒကြောင့် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်နိုင်မှုမရှိပါ။** အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်သာ အချိန်ကုန်ဆုံးသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေ ဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင်းရှိ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ရိုးရာဓလေ့ထိန်းသိမ်းခြင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ ဝါဝင်ပွဲများ၊ ဝါကျွတ်ပွဲ များ၊ ထမနဲထိုးပွဲများ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲနှင့် ရပ်ရွာပွဲများတွင် လူငယ်များသည် မိမိတို့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေလေ့ရှိကြသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်း များ ပြုလုပ်ရန်နေရာနှင့်အထောက်အကူပြုပစ္စည်းများမရှိပါ။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာ များနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များရှိသော်လည်း ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ မရရှိပါ။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများမရှိပါ။ ကျွန်မတို့ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှုနှင့် မူးယစ်ဆေးသုံးစွဲမှုများမရှိပါ။အမျိုးသမီးများအား အကြမ်းဖက်မှုများလည်း မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၁	✔				
၂	ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း	၂		✔	✔	✔	✔
၃	ချေးငွေရရှိရန် ဆောင်ရွက်ခြင်း	၃	✔	✔	✔		
၄	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းပို့ချခြင်း	၄	✔	✔	✔	✔	✔
၅	မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပညာရေး ဟောပြောပွဲဆောင်ရွက်ခြင်း	၅	✔	✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – နားလွယ်ကျေးရွာ ကျေးရွာအုပ်စု – မောက်တောင်းကျေးရွာအုပ်စု မြို့နယ် – လားရှိုးမြို့ တိုင်းဒေသကြီး / ပြည်နယ် – ရှမ်း(မြောက်)
စီမံချက်အမည် – **ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာတွင် လူဦးရေတိုးလာ၍ အိမ်ခြံမြေနေရာများ ကျဉ်းမြောင်းလာခြင်း • မဏ္ဍာပ်ဌားရမ်းခ စျေးကြီးခြင်း၊ ခက်ခဲခြင်း • ကျေးရွာဟောပြောပွဲပြုလုပ်ရန် အဆောက်အဦးမရှိခြင်း
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • ကျေးရွာ မင်္ဂလာဆောင်ပွဲများ၊ ဌာနဆိုင်ရာမှကျင်းပပြုလုပ်သည့် ဟောပြောပွဲ၊ နည်းပညာပေးသင်တန်း များ ကျင်းပပြုလုပ်ရာတွင် နေရာထိုင်ခင်းအခက်အခဲရှိခြင်း • ဘုန်းကြီးကျောင်းများတွင် ကျင်းပပြုလုပ်ရခြင်း
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • ကျေးရွာခန်းမရှိပါက သာရေး၊နာရေး၊ဘာသာရေးပွဲများ ပြုလုပ်နိုင်ရန် နေရာရှိလာမည် ဖြစ်သဖြင့် ဘုန်းကြီးကျောင်းအား အသုံးပြုရန် မလိုအပ်တော့ခြင်း • မဏ္ဍာပ်ဌားရမ်းရန် မလိုအပ်တော့ခြင်း • ဟောပြောပွဲများ ပြုလုပ်နိုင်ရန် နေရာအဆင်ပြေခြင်း၊လူစုလူဝေးပြုလုပ်နိုင်ခြင်း
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း(၃၆'×၂၆'×၁၂')
ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား) • ၅၆၆၀၀၀၀ (ငွေသား) • ××××××× (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၄၇	၁၇၁	၃၁၈	၁၆	၂၀	၂၃	၁၅	၇၄
အကျိုးခံစားမည့် ဦးရေ	၁၄၇	၁၇၁	၃၁၈	၁၆	၂၀	၂၃	၁၅	၇၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) နားလွယ်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) ၂၅.၂.၂၀၂၀
(၃) စီမံချက် ပြီးစီးမည့်အချိန် ၂၂.၆.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ **အစီအစဉ်များ** ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့် တကွ ရေရှည် တည်တံ့ခိုင်မြဲ အောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

နားလွယ်ကျေးရွာ၊ မောက်တောင်းကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုင်းအုန်းကျော်	ဦးစိုင်း	၁၃/လရန(နိုင်)၁၅၁၀၁	၃၅	ဥက္ကဋ္ဌ	
၂	ဦးစိုင်းသိန်းမောင်	ဦးလူ	၁၃/ဘပန(နိုင်)၀၆၄၅၁၇	၃၀	အဖွဲ့ဝင်	
၃	ဦးစိုင်းဝိလိုင်	ဦးမောင်	၁၃/လရန(နိုင်)၁၃၈၆၅၀	၆၀	အဖွဲ့ဝင်	
၄	ဦးစိုင်းလုံးအေး	ဦးလုံးတ	၁၃/လရန(နိုင်)၂၀၀၇၀၉	၅၇	စာရင်းကိုင်	
၅	ဦးစိုင်းဖြစ်	ဦးကျေးယ	၁၃/လရန(နိုင်)၂၂၈၀၃၁	၁၉	အတွင်းရေးမှူး	
၆	ဦးလုံးမောင်	ဦးထွန်းဆာ	၁၃/လရန(နိုင်)၂၀၉၆၁၂	၄၀	ဘဏ္ဍာရေးမှူး	
၇	ဦးလုံးစိုင်အွန်	ဦးပန်း	၁၃/လရန(နိုင်)၁၈၉၈၁၃	၆၁	အဖွဲ့ဝင်	
၈	ဦးစိုင်းစိန်မြင့်	ဦးဆု	လျှောက်ထားဆဲ	၂၄	အဖွဲ့ဝင်	
၉	ဒေါ်နန်းစံခမ်း	ဦးပန်း	၁၃/လရန(နိုင်)၂၀၀၈၀၅	၂၀	အဖွဲ့ဝင်	၀၉-၄၄၉၆၈၇၉၉၆
၁၀	ဒေါ်နန်းမိုလိတ်	ဦးကွမ်း	၁၃/လရန(နိုင်)၂၀၉၅၂၉	၁၆	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၁	၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၁	၂၀	၃၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၉	၂၀	၂၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၀	၂၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၇	၁၁၁	၂၀၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၇	၉	၁၆
စုစုပေါင်း		၁၄၇	၁၇၁	၃၁၈
စုစုပေါင်း အိမ်ထောင်စု				၇၄

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကလေးမရှိသလောက်ရှားပါးပါသည်။ **ကျွန်မတို့ရွာတွင် မောက်တောင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆရာမများမှ နို့စို့အရွယ်ကလေးများကို ကာကွယ်ဆေးပုံမှန်လာထိုးပေးပါသည်။**

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၄	၁၅၇		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း			၅	မြင့် □လတ်☑နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည့်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ **ကျွန်မတို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော အိမ်ထောင်စု ၇၄ အိမ် ရှိပြီး၊ မိသားစုဝင်အား လုပ်အား ၁၅၅ ဦး ရှိပါသည်။ မိုးရာသီတွင် ပြောင်း၊ နှမ်း၊ မြေပဲ၊ စပါး တို့ကို စိုက်ပျိုးပါသည်။ မျိုးစေ့များကို လားရှိုးမြို့တွင် သွားရောက်ဝယ်ယူပါသည်။ နွေရာသီတွင် ဖရဲစိုက်ပါသည်။ အိမ်တစ်အိမ်တွင် ကျွဲ၊ နွား၊ ဝက်၊ ဘဲများကို သုံးကောင်လေးကောင်လောက်ပဲ မွေးမြူကြပါသည်။**

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ နားလွယ်ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦး လျှင် အများဆုံး(၈၀၀၀)မှ (၆၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၅၀၀၀)မှ အနည်းဆုံး(၄၀၀၀)ထိ ပေးရပါသည်။ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများအတွက် နေ့စား အလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦး လျှင် အများဆုံး(၁၀၀၀၀)မှ (၇၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၇၀၀၀)မှ အနည်းဆုံး(၆၀၀၀)ထိ ပေးရပါသည်။ **ကျေးရွာမှ သတ်မှတ်ထားသော အလုပ်လုပ်ချိန်မှာ နံနက် (၈:၀၀)နာရီလုပ်ငန်းစပြီး နေ့လည် (၁၂:၀၀)မှနေ့လည် (၁:၀၀)သည် ထမင်းစားချိန် ဖြစ်ပြီး ညနေ (၄:၀၀)ထိကို တစ်ရက်တာ သတ်မှတ်ပါသည်။**လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၈၁	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ဥယျာဉ်ခြံမြေ	၁၃.၃၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၂၂.၃၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၈)ဧက၊ ယာမြေ/တောင်ယာမြေ (၆၈၁)ဧကနှင့် ဥယျာဉ်ခြံမြေ(၁၃.၃၅)ဧက စုစုပေါင်း (၇၂၂.၃၅)ဧကရှိပါသည်။ **မြေဆီလွှာ အရည်အသွေးမှာ အသင့်တင့် ကောင်းမွန်ပါသည်။** မြေဩဇာအဆမတန်သုံးစွဲမှုကြောင့် မြေဆီပျက်စီးမှု၊ ခမ်းခြောက်မှုများ ရှိလာပါသည်။ **သစ်တောမပြုန်းတီးစေရန် အတွက် ဥယျာဉ်ခြံများ စိုက်ပျိုးကြပါသည်။**

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☑ သင့်☐ နည်း☐ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် သစ်တောများအလွန်ပြုန်းတီးသောကြောင့် ဆေးဖက်ဝင် အပင်များ အလွန်ရှားပါးပါသည်။ သဘာဝအတိုင်း တွေ့ရှိနိုင်မှု မရှိပါ။ ကျွန်မတို့ရွာတွင် မြစ်ချောင်းကြီးများ မရှိပါသဖြင့် ကျောက်၊ သဲ၊ ကျောက်စရစ်များကို မရရှိနိုင်ပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၆	၂၀	၂၃	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ နားလွယ်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများ ကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုးဆိုင်ကယ်၊ စက်ဘီး ပိုင်ဆိုင်သော သူများကို အလယ်အလတ် သတ်မှတ်ပါသည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့ လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်း လုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီး များရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည်ဟု ယူဆသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၈-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၁		၁
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် မသန်စွမ်းသည့်ပုဂ္ဂိုလ် ကျား တစ်ဦးရှိပါသည်။ မိဘမဲ့ဖြစ်သောကြောင့် အဒေါ်ဖြစ်သူက စောင့်ရှောက်ထားပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၆	မုန်တိုင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ငလျင်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မီးဘေး	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၃	တီဘီရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စားနပ်ရိက္ခာ ဖူလုံမှုရှိပါသည်။ တိရစ္ဆာန်ကူးစက်ကျရောက်မှု အနည်းငယ် ရှိပါသည်။ သစ်တောပြုန်းတီးခြင်းများ ရှိပါသည်။ သစ်တောများ မပြုန်းတီးစေရန်အတွက် ဥယျာဉ်ခြံများ စိုက်ပျိုးကြပါသည်။

(၄–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မူးယစ်ဆေးဝါးများ လွယ်ကူစွာဝယ်ယူရရှိနိုင်သောကြောင့် ဆေးစွဲသူ အလွန်ပင်များပြားလှပါသည်။ **မူးယစ်ဆေးဝါးသုံးစွဲသူများသည် လူငယ်သာမက လူကြီးများလည်း သုံးစွဲ နေကြသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၁၇ အိမ် ရှိပါသည်။ တောင်ယာ လုပ်ငန်း တစ်ခုတည်းကိုသာ ဦးတည်လုပ်ကိုင်သောကြောင့် ဆင်းရဲသော တောင်သူ များရခြင်း ဖြစ်သည်။ ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တို့ကြောင့်သော် လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံဈေးကွက် မရှိခြင်း၊ အလုပ်ကိုင်ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ဖြစ်ပါသည်။**

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☑ ၃☐	၅	၂	၇	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ဆယ်အိမ်မှူး အဖွဲ့	၁☐ ၂☐ ၃☐	၅		၅	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐ ၃☐	၅	၄	၉	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	အမျိုးသမီး ဦးဆောင် သောအဖွဲ့	၁☐ ၂☐ ၃☐		၁၀	၁၀	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	လူငယ်အဖွဲ့	၁☐ ၂☐ ၃☐	၁၀	၁၀	၂၀	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ဆယ်အိမ်မှူးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးဦးဆောင်အဖွဲ့နှင့် လူငယ်အဖွဲ့တို့ဖြစ်ပါသည်။ ကျွန်မတို့ ကျေးရွာရှိ အုပ်ချုပ်ရေး အဖွဲ့ကို ကျား(၅)ယောက်၊ မ(၂)ယောက်ဖြင့် ဖွဲ့စည်းထားပါသည်။ အုပ်ချုပ်ရေး အဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေး နှင့်ကာကွယ်ရေး၊ ရွာသူရွာသားများ လိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးလက်တောရွာဖြစ်သောကြောင့် လှုပ်ရှားသွားလာနိုင်သော အမျိုးသားများကို အဓိကအဖွဲ့ဝင်နေရာပေးရကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာ အကျိုးများကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Care Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ဗွီးရှင်းဖန်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊

လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း (၂)ဖွဲ့ရှိပါ သည်။ ၎င်းတို့မှာ Care Myanmarနှင့် ဗွီးရှင်းဖန်းအဖွဲ့တို့ဖြစ်ပါသည်။ Care Myanmar အဖွဲ့သည် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ လာရောက်လုပ်ဆောင်ခြင်း၊ အိမ်သာသုံးပစ္စည်း များ လာရောက် လှူဒါန်းပေးခြင်း၊ ချေးငွေများကို အတိုးနှုန်း (၂%)ဖြင့် ချေးပေးခြင်းများ ဆောင်ရွက် ပေး ပါသည်။ ဗွီးရှင်းဖန်းအဖွဲ့မှလည်း ချေးငွေများကို အတိုးနှုန်း (၂%)ဖြင့် ချေးပေးခြင်းများ ဆောင်ရွက် ပေးပါသည်။ အာမခံပစ္စည်းအဖြစ် အိမ်ထောင်စုနှင့် မှတ်ပုံတင်ပါရသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၄	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ရွာတွင် အများအားဖြင့် ကိုယ်ပိုင်လယ်မြေများ ရှိကြပါသည်။ အများဆုံးပိုင်ဆိုင်သည့် မြေဧကမှာ ၁၅ ဧက မှ ၂၀ ဧကအထိ ရှိပါသည်။ အနည်းဆုံးပိုင်ဆိုင်သော မြေဧကမှာ ၁ ဧက ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

စဉ်	အရင်းအမြစ်	ရသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
